# THAILAND

8 – 24 June 2019

Media Monitoring report # 207

## စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု

### တနင်္သာရီဒေသ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာ

The Global New Light of Myanmar, 9 June 2019

တနင်္သာရီဒေသကြီးရှိ ကော့သောင်းမြို့နှင့် ပုလုံးတုံးတွန်ဟုခေါ်ဆိုသည့် ကျွန်းရွာကလေးကို ဆက်သွယ်ထားသော ပင်လယ်ဖြတ်တံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တံတားဆောက်လုပ်ရေးအဖွဲ့( ၄) မှ တာဝန်ယူဆောက်လုပ်နေပြီဖြစ်သည်။



ပုလုံးတုံးတွန်ရွာသည် ကပ္ပလီပင်လယ်ပြင်တွင် တည်ရှိပြီး အိမ်ထောင်စု ၁၀၀၀ ကျော်ရှိကာ လူဦးရေ ၃၀၀၀ ကျော်နေထိုင်ကြသည်။ ကျေးရွာသည် ရေထွက်ပစ္စည်းများ ပေါများစွာထွက်ရှိသည်။ ယခင်က ထိုကျေးရွာတွင် နေထိုင်သူများသည် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အခက်အခဲများစွာရင်ဆိုင်ကြုံတွေ့ခဲ့ရသည်၊ အကြောင်းမှာ ကော့သောင်းမြို့သို့သွားရာတွင် ကော့သောင်းမြို့နှင့် ၇ မိုင်ကွာဝေးသည့် ချောင်းဝရွာမှတဆင့်သွားရသောကြောင့်ဖြစ်သည်။ အရှည် ၂၆၉၀ ပေ၊ အကျယ် ၁၅ ပေရှိသည့် သစ်သားတံတားတစ်ခုကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ သစ်သားတံတားသည် ပင်လယ်ရေကြောင့် ဆိုးဆိုးရွားရွားပျက်စီးနေပြီဖြစ်သောကြောင့် ယခုအခါပင်လယ်ဖြတ်ကွန်ကရစ်တံတားကို ဆောက်လုပ်နေခြင်းဖြစ်သည်။

တံတားအောက်ခံတိုင်များကို ကျောက်ဆောင်များအထက်တွင် ဘိလပ်မြေကွန်ကရစ်ဖြင့် ဆောက်လုပ်လျှက်ရှိသည်။ တိုင်များပြီးစီးရန်နှစ်ပတ်အချိန်ကြာခဲ့ပြီး ရေရှည်ခိုင်ခန့်သည့်တံတားဖြစ်စေရန် အာရုံစိုက်ဆောက်လုပ်နေကြောင်း တံတားဆောက်လုပ်ရေးအဖွဲ့ ၄ မှ မြို့ပြအင်ဂျင်နီယာဦးညွှန့်သိန်းက ပြောသည်။ တံတားအသစ်သည် အရှည် ၂၄၀၀ပေ နှင့် အကျယ် ၂၄ ပေကျယ်ပြီး တံတားတဖက်စီရှိ ဘေးလျှောက်လမ်းမှာ ၃ ပေကျယ်သည်။ တံတားကို ဘိလပ်မြေကွန်ကရစ်ဖြင့်အများဆုံးဆောက်လုပ်မည်ဖြစ်သည်။တံတားဆောက်လုပ်ပြီးစီးပါက ဒေသတွင်းပြည်သူများသည် တံတားသစ်ကို ပိုမိုအဆင်ပြေစွာဖြင့် ရာသီအားလုံးတွင်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

တံတားဆောက်လုပ်ခြင်းကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့ပြီး ၂၀၂၀ခုနှစ်တွင် ပြီးစီးနိုင်ရန် ရည်မှန်းထားသည်။ စီမံကိန်းအချိန်မီပြီးစီးနိုင်ရန်အတွက် ဒေသခံအစိုးရနှင့်အတူ ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေပြီဖြစ်သည်။ စီးပွားရေးတိုးတက်ကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်ရည်ရွယ်လျှက် တနင်္သာရီဒေသကြီး မော်တောင်မြို့၌ မြိတ်လူထုကုမ္ပဏီသည် နယ်စပ်လမ်းမကြီးကို အဆင့်မြှင့်တင်ခဲ့ဟု စီမံကိန်းဒါရိုက်တာဖြစ်သူ ဦးသန်းလွင်က ပြောခဲ့သည်။ ထုံခ- မော်တောင်လမ်းမကြီးကို ၂၀၁၃ ခုနှစ်ကတည်းကပင် BOT စနစ်မှတဆင့် အကောင်အထည်ဖော်ခဲ့သည်။

လမ်းမကြီးသည် ၄၈ မိုင် ၆ ဖာလုံရှည်ပြီး ၂၄ ပေကျယ်သည်၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့သည်။ ဒီလမ်းမကြီးတလျှောက်မှ တိုးဂိတ် ၂ခု ကျွန်တော်တို့ဆောက်လုပ်သွားမှာပါ ဟု ၎င်းက ပြောခဲ့သည်။ တနင်္သာရီတိုင်းရှိဒေသတွင်းကုန်သည်များသည် ၎င်းတို့၏ပင်လယ်ထုတ်ကုန်များကို ထိုင်းနိုင်ငံ မဟာချိုင်သို့ တင်ပို့နိုင်တော့မည်ဖြစ်ပြီး နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မော်တောင်မြို့ဒေသခံပြည်သူများသည် ၎င်းတို့မြိတ်မြို့သို့သွားမည်ဆိုပါက တစ်ညအိပ်သွားခဲ့ရသည်၊ သို့သော်ယခုအခါလမ်းမကြီးကြောင့် ပြည်သူများသည် မြိတ်မြို့သို့ ၃ နာရီအတွင်း ရောက်ရှိနိုင်ပြီဖြစ်သလို ကုန်စည်တင်သွင်းမှုအ

ဆင်ပြေချောမွေ့ပြီး ခရီးသွားစရိတ်လည်းလျော့ကျသွားကြောင်း အမည်မဖော်လိုသူ ထရပ်ကားမောင်းသူတစ်ဦးက ပြောခဲ့သည်။

http://www.globalnewlightofmyanmar.com/development-tasks-gaining-momentum-in-taninthayi-region/

## ယခုနှစ် မုတ်သုန်ရာသီတွင် ကရင်ပြည်နယ်တလျှောက် စပါးဧက ၄၃၆,၀၀၀ ကျော် စိုက်ပျိုးမည်

The Global New Light of Myanmar, 9 June 2019

ယခုနှစ် မုတ်သုန်ရာသီတွင် ဖွန်လမှစတင်ကာ ကရင်ပြည်နယ်ရှိ မြို့နယ် ၇ မြို့တွင် စပါးဧက ၄၃၆၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာနက ပြောကြားခဲ့သည်။



ဌာနမှ ဘားအံတွင် ၂၄၉၀၀၀ ဧက ကျော် ၊ ကော့ကရိတ်တွင် ၁၅၇၇၇၀ ဧက ၊ မြဝတီတွင် ၁၁၈၀၀ ဧက နှင့် ဖာပွန်တွင် ၁၇၄၁၂ ဧက တို့ကို ယခုနှစ်မုတ်သုန်ရာသီတွင် စိုက်ပျိုးရန် စီစဉ်နေသည်။ ကရင်ပြည်နယ်၌ လယ်သမားများသည် ဖွန်လမှစတင်ကာ မုတ်သုန်စပါးစိုက်ပျိုးရန်အတွက် မြေဆီမြေသားများ ပြင်ဆင်လေ့ရှိကြသည်။ မုန်သုန်စပါးရိတ်သိမ်းခြင်းကို ရာသီဉတုအခြေအနေပေါ်မူတည်ကာ တခါတရံ ဒီဇင်ဘာလအကုန်အထိတိုင်အောင်ဆက်လက်ပြုလုပ်ကြသည်။

စိုက်ပျိုးရေးဌာနသည် စိုက်ပျိုးမှုကိရိယာများကို ဒေသခံလယ်သမားများအား မိုးရာသီအတွက်ကြိုတင် ဝေငှပေးပြီးပြီဖြစ်သည်။ ဒေသခံလယ်သမားများအား ရာသီစပါးစိုက်ပျိုးခြင်းဆိုင်ရာစနစ်တကျပြုလုပ်နိုင်ရန်အတွက် ပညာပေးရန် လက်တွေ့သရုပ်ပြမှုများ ပြုလုပ်ရန် စီစဉ်နေသည်။

ကရင်ပြည်နယ်ရှိတချို့သောလယ်သမားများသည် ၂၀၁၈ ခုနှစ် ဇူလိုင်လနှောင်းပိုင်းတွင်ဖြစ်ပွားခဲ့သည့် ရေကြီးမှုကြောင့် ယခုအခါငွေကြေးဆိုင်ရာဆုံးရှုံးမှုများခံစားနေရသည်။ ထိုရေကြီးမှုကြောင့် စပါးကွင်းဧက ၅ သောင်းကျော်င် ပျက်စီးခဲ့သည်။

စပါးသည် မြန်မာနိုင်ငံတွင် အဓိကအစားအစာဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်ဖြစ်သည်။ အစိုးရသည် နိုင်ငံ၏အဓိကပို့ကုန်ဖြစ်သည့် စပါးထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်ကြိုးစားဆောင်ရွက်နေသည်။

http://www.globalnewlightofmyanmar.com/over-436000-acres-of-paddy-to-be-grown-across-kayin-state-this-monsoon-season/

## အခြေခံပညာအထက်တန်းပြီးစီးသည့်လက်မှတ်များကို ယခုနှစ်ပညာသင်နှစ်တွင် ထုတ်ပေးမည်

Eleven Myanmar, 18 June 2019

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မအောင်မြင်သည့်တိုင်အောင် အခြေခံပညာအထက်တန်းပြီးစီးသည့်လက်မှတ်များကို ယခုနှစ်ပညာသင်နှစ်တွင် ထုတ်ပေးမည်ဖြစ်သောကြောင့် ထိုသို့မအောင်မြင်သည့်ကျောင်းသားများသည် အသက်မွေးမှုသင်တန်းများကို တက်ရောက်နိုင်မည်ဖြစ်ကြောင်း အခြေခံပညာရေးဌာနညွှန်ကြားရေးမှူးချုပ်ဖြစ်သူဦးကိုလေးဝင်းက ပြောကြားခဲ့သည်။

ယခုပညာသင်နှစ် ကျောင်းသားများသည် ၎င်းတို့ အခြေခံအထက်တန်းပညာရေးကျောင်းအဆင့်တန်းပြီးဆုံးသောအခါ အထက်တန်းပြီးဆုံးကြောင်းလက်မှတ်များ ရရှိတော့မည်ဖြစ်သည်။ ယခင်က တက္ကသိုလ်ဝင်စာမေးပွဲမအောင်မြင်သည့်သူများကိုလည်း အထက်တန်းပြီးဆုံးကြောင်းလက်မှတ်များ ထုတ်ပေးမည်ဖြစ်သည်။

"ယခုနှစ်စာသင်နှစ်အဆုံးမှာ ကျွန်တော်တို့က အထက်တန်းပြီးဆုံးကြောင်းလက်မှတ်များ ထုတ်ပေးဖို့ စီစဉ်နေပါတယ်။ ဒီလက်မှတ်က အရမ်းကို အသုံးဝင်ပါတယ်။ စာမေးပွဲမအောင်တဲ့သူတွေက လက်မှတ်မရှိဘဲအလုပ်ရှာရ ခက်ပါတယ်။ ဒါကြောင့် အခြေခံအထက်တန်းပညာရေး ပြီးစီးကြောင်းပြဖို့အတွက် ဒီလက်မှတ်ကို သူတို့ရမှာပါ။ ဒီလက်မှတ်နဲ့သူတို့ အလုပ်လုပ်နိုင်ပါတယ် " ဟု ဦးကိုလေးဝင်းက ပြောခဲ့သည်။

အထက်တန်းပြီးဆုံးကြောင်းလက်မှတ်ကိုင်ထားသူများသည် အသက်မွေးမှုသင်တန်းကျောင်းသို့ တက်ရောက်နိုင်သည်။ သို့သော်လည်း ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်ပြီး ကျောင်းတွင်းစာမေးပွဲ ၄ ကြိမ်ဖြေဆိုထားသူများသာရရှိမည်ဖြစ်သည်။ ဘာသာရပ်အသီးသီးတွင် အနည်းဆုံးအဆင့် ဂ ရရှိရမည်ဖြစ်သည်။

အထက်တန်းပြီးဆုံးကြောင်းလက်မှတ်သည် စာပေ၊အနုပညာနှင့် စာကြည့်တိုက်စသည့်ကဏ္ဍများ၊ သန့်ရှင်းရေးမှတ်တမ်းနှင့် အားကစားစသည့် လှုပ်ရှားမှုများအပေါ်တွင်လည်း အခြေခံထားသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ကျောင်းသား ၈၅၁၅၂၄ ဦး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့ပြီး ၂၆၇၆၉၆ ဦး အောင်မြင်ခဲ့သည်၊ ရာခိုင်နှုန်းအားဖြင့် ၃၁. ၄၄ ရာခိုင်နှုန်းရှိသည်။

https://elevenmyanmar.com/news/basic-education-completion-certificates-to-be-issued-this-academic-year

## စပါးစိုက်လယ်သမားများ စိုက်ပျိုးချေးငွေ ရရှိမည်

The Global New Light of Myanmar, 10 June 2019

မြန်မာနိုင်ငံ မုတ်သုန်မိုးရာသီနှင့်အတူ စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတဝန်းရှိ လယ်သမားများအား ၎င်းတို့၏ဘဏ်ခွဲများမှတဆင့် စိုက်ပျိုးချေးငွေများ စတင်ပေးဝေနေပြီဖြစ်သည်။



မိုးရေသွင်းစိုက်ပျိုးသည့်စပါကွင်းများတွင် စပါးစိုက်ပျိုးတန်အတွက် စိုက်ပျိုးချေးငွေများကို စက်တင်ဘာလထက်နောက်မကျစေဘဲ ပေးနေပြီဖြစ်သည်၊ လယ်ယာအသုံးပြုမှု ပုံစံ- ၇ ရှိသည့် လယ်သမားများသည် ချေးငွေရရှိရန် အရည်အချင်းပြည့်မီပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းရှိသည်။

စာရင်းများအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်သမား ၆ သန်းကျောင်ကို ပုံစံ ၇ များ ထုတ်ပေးခဲ့သည်။

ယမန်နှစ်ထိတိုင် ဘိုးဘွားများထံမှ လယ်ယာမြေအမွေဆက်ခံသည့်လယ်သမားများသည် ပုံစံ ၇ မရရှိခဲ့ကြပေ၊ ထိုပုံစံ ၇ သည် လယ်မြေအသုံးပြုခွင့်ဖြစ်ပြီး ထိုပုံစံ ၇ မရှိပါက စိုက်ပျိုးချေးငွေရရှိရန် အခက်အခဲရှိသည်။

"အရင်လယ်ယာမြေဥပဒေဟောင်းက လယ်သမားတွေ တခြားသူတွေကို လယ်မြေရောင်းတဲ့အခါ လယ်ပိုင်ဆိုင်မှုကို အမည်ပြောင်းခွင့်မပြုပါဘူး၊ ဒါပေမယ့် အခုလယ်မြေဥပဒေအသစ်ကတော့ ဖွန်လကစပြီး ပိုင်ဆိုင်မှုအမည်ပြောင်းဖို့ စတင်ခွင့်ပြုလိုက်ပါပြီ။ အခုအခါမှာ အခြေအနေတွေ ကောင်းနေပါပြီ "ဟု သံလျှင်မြို့ရှိ စိုက်ပျိုးဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာဖြစ်သူ ဦးမင်းစိန်က ပြောခဲ့သည်။

၎င်း၏ဘဏ်သည် မြို့နယ်ရှိ ကျေးရွာ ၂၈ ခုမှ လယ်သမားဦးရေ ၄၈၀၀ ကျော်ထံသို့ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ ချေးမည်ဖြစ်သည်။

ယခင်နှစ်က လယ်ဧက ၇၁၃၇ ပေါ်တွင် စပါးစိုက်ပျိုးခဲ့ပြီး စပါးတောင်း ၅.၈ သန်းကျော်ဖြစ်ထွန်းရရှိခဲ့သည်။လယ်သမားများသည် အတိုးနှုန်း ၈ ကျပ်ဖြင့် ချေးငွေ ရရှိခဲ့ကြသည်။ သို့သော်လည်းပေးရန်ပျက်ကွက်သည့်လယ်သမားများသည် ဒဏ်ငွေအဖြစ် တစ်လလျှင် တစ်ကျပ်ပေးဆောင်ရမည်ဖြစ်သည်။

http://www.globalnewlightofmyanmar.com/agri-loans-available-to-rice-farmers

## ဘီးလင်းမြို့အား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ထည့်သွင်းစဉ်းစားနေ

Eleven Myanmar, 11 June 2019

National Enlightenment Institute-NEI ၏ စပွန်ဆာပေးမှုဖြင့် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့နှင့် မော်လမြိုင်တက္ကသိုလ်မှ ဖရောက်ဖက်ဆာများသည် သမိုင်းဝင်နေရာများစွာရှိသည့် ဘီးလင်းမြို့အား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လေ့လာကြည့်ရှုနေပြီဖြစ်သည်။



မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းနှင့် ဘီးလင်းပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေနိုင်မည့် သုတေသနပြုမည့်လုပ်ငန်းများကို အကူအညီပေးကြရန် ဖွန်လ ၄ ရက်နေ့တွင် တိုက်တွန်းခဲ့သည်။

"ဘီလင်းမြို့ကို လေ့လာရေးလုပ်ဖို့ ၆ လလောက် အချိန်ယူရပါတယ်။ ဘီးလင်းမြို့မှာ ဘီးလင်းမြစ်ပတ်ဝန်းကျင်၊ သမိုင်းဝင်နေရာတွေနဲ့ ကလာသာသဘာဝဥယျာဉ်တွေပါဝင်ပါတယ်။ ဒါ

တွေကိုလုပ်ဆောင်ခြင်းဖြင့် ဘီးလင်းမြို့နယ်က ခရီးသွားလုပ်ငန်း တိုးတက်လာပါလိမ့်မယ်။ ဘီးလင်းမြို့က ကျိုက်ထီးရိုးနဲ့ချိတ်ဆက်ထားပြီး ခရီးသွားအများအပြားလာရောက်လည်ပတ်လျှက်ရှိရာဘုရားပဲဖြစ်ပါတယ်၊ ”ဟု ဘီးလင်းမှ လွှတ်တော်အမတ်တစ်ဦးကပြောခဲ့သည်။

“မွန်ပြည်နယ်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမယ့်နေရာအများအပြားရှိပါတယ်။ ဒီနေရာတွေကြားမှာ ဘီးလင်းစာပေယဉ်ကျေးမှုကို သုတေသနလုပ်သင့်ပါတယ်။ ဧည့်လမ်းညွှန်တွေကသမိုင်းဝင်နေရာတွေကို လိုက်လံပြသသင့်ပြီး သုတေသနတွေ လုပ်ဆောင်သင့်ပါတယ်။ ကျိုက်ထီးဆောင်းစေတီကိုလည်း ဧည့်သည်တွေအများအပြားလာရောက်လည်ပတ်ကြပါတယ်၊ ဒီနေရာမှာ စာပေလွှမ်းမိုးမှုတွေအများကြီးရှိပါတယ်။ ဘုရားမှာ ဓာတ်ပုံရိုက်ခြင်းကို ခွင့်မပြုပါဘူး၊ တာဝန်တွေပုံမှန်လည်ပတ်နေမယ်ဆိုရင် ကျိုက်ထီးရိုးအခြေစိုက် ခရီးသွားလုပ်ငန်းက မွန်ပြည်နယ်မှာ ဖွံ့ဖြိုးလာပါလိမ့်မယ်” ဟု မွန်ပြည်နယ်ခရီးသွားဧည့်လမ်းညွှန်အဖွဲ့မှဥက္ကဋ္ဌဖြစ်သူ အောင်မျိုးမင်းက ပြောခဲ့သည်။

https://elevenmyanmar.com/news/bilin-township-considered-for-ecotourism-development

## မြဝတီ- ဝေါလေ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တက်ရောက်

The Global New Light of Myanmar, 16 June 2019

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်မှ တာဝန်ယူဆောင်ရွက်သော မြဝတီ- ဝေါလေကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ကပြုလုပ်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။



အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဦးဟန်ဇော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ကရင်ပြည်နယ်ဝန်ကြီးများ၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်မှ စောမူရှေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် မြဝတီ-ဝေါလေလမ်းသည် ယခင်က မြေလမ်းနှင့် အမာခံလမ်း အဆင့်သာရှိရာမှ ယခုအခါ ကွန်ကရစ်လမ်းနှစ့် ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့် ဆောင်ရဝက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မြဝတီ-ဝေါလေလမ်းသည် သောင်ရင်းမြစ်အနောက်ဘက်ကမ်းနှင့် ဒေါနတောင်တန်းအရှေ့ဘက်ခြမ်းတွင် တည်ရှိသည့်အတွက် နယ်စပ်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့်လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ မြဝတီ-ဝေါလေလမ်းသည် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည့်အတွက် နယ်စပ်ဒေသတစ်လျှောက်နေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် အလွန်အရေးပါသည့် လမ်းတစ်လမ်းဖြစ်သကဲ့သို့ တစ်ဖက်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွားသည့်အတွက် ကူးသန်းရောင်းဝယ်နိုင်ကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မြဝတီ-  ဝေါလေလမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများခွင့်ပြုပေးရခြင်းသည် ကရင်ပြည်နယ်အတွင်း လမ်း၊ တံတား အခြေခံအဆောက်အဦးများ တိုးတက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရန်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော်က ယနေ့ဖွင့်လှစ်သည့် မြဝတီ-ဝေါလေလမ်းသည် မြဝတီမြို့မှ ဝေါလေမြိုင်ကို ဆက်သွယ်ထားသောလမ်းကြောင်းဖြစ်ပြီး အရှည် ၄၄ မိုင် ၇ ဖာလုံရှည်လျားပြီး ယခင်က ၁၂ မိုင်သာ ကတ္တရာလမ်းအဖြစ်ရှိခဲ့ရာ ကျန်သည့် ၃၂ မိုင် ၇ဖာလုံခန့်သည် အမာခံလမ်းအဆင့်သာ ရှိပါကြောင်း၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အထိရရှိသည့် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ငွေကျပ် ၈၈၀၇ ဒသမ ၀၄ သန်းနှင့် ၁၈ ပေအကျယ်ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မြဝတီ-ဝေါလေလမ်းတစ်လျှောက် ပေ ၅၀ အောက် ကွန်ကရစ်တံတား ၅၁ စင်း၊ ပေ ၁၈၀ အထက် တံတားတစ်စင်းနှင့် ကွန်ကရစ်ရေပြွန် ၆၄ စင်းကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏လမ်း၊ တံတားများကို အဆင့်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အချိန်ကို လျှော့ချနိုင်ရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

http://www.globalnewlightofmyanmar.com/amyotha-hluttaw-speaker-inaugurates-myawady-wawlay-concrete-road-in-kawkareik/

## နေရာ ၅ နေရာကို အမျိုးသားဘူမိဗေဒပန်းခြံများအဖြစ် သတ်မှတ်ထားရှိမည်

Myanmar Times, 14 June 2019

မန္တလေး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းရှိ နေရာ ၅ ခုကို အမျိုးသားဘူမိဗေဒပန်းခြံများအဖြစ် သတ်မှတ်ထားရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘူမိဗေဒအသင်းမှ စီမံကိန်းခေါင်းဆောင် ဦးသန်းထွန်းက ပြောခဲ့သည်။

ထိုနေရာများမှာ မန္တလေး ကျောက်ပန်းတောင်းမြို့ရှိ ပုပ္ပါးတောင်၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အင်းလေးကန်၊ စစ်ကိုင်းရှိ တွင်းတောင်နှင့် ကရင်ပြည်နယ်ရှိ ဖွဲကပင်တောင်တို့ဖြစ်ကြသည်။ ကော်မတီမှ ပုပ္ပါးတောင်ကို အမျိုးသားဘူမိဗေဒပန်းခြံအဖြစ် ယခုနှစ်ကုန်တွင်ကြေငြာမည်ဖြစ်သည်။



“ကျွန်တော်တို့ ပုပ္ပါးတောင်ကို သုတေသနအရင်လုပ်မလို့ပါပဲ၊ ကျွန်တော်တို့ ကံကောင်းထောက်မစွာနဲ့ ဒီနေရာ ၅ ခုကို အကုန်သုတေသနလုပ်ဖို့ မြန်မြန်စီစဉ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ လေ့လာမှုတွေလုပ်ပြီးပါပြီ။ ပုပ္ပါးတောင် အမျိုးသားဘူမိဗေဒပန်းခြံအတွက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပါတယ်။ အများစုကတော့ ဒေသခံတွေပါပဲ။ ဘတ်ဂျက်လည်းတင်ထားပြီးပါပြီ၊ ကျမလာသေးပါဘူး ”ဟု ဦးသန်းထွန်းကပြောခဲ့သည်။

ပုပ္ပါးတောင်ဝန်းကျင်ရှိ သဘာဝသံယံဇာတများကို စနစ်တကျထိန်းသိမ်းနိုင်ရန်အတွက် ပုပ္ပါးတောင် UNESCO နှင့် အမျိုးသားဘူမိဗေဒပန်းခြံကော်မတီကို ယခင်လတွင် ဖွဲ့စည်းခဲ့သည်။

“ပုပ္ပါးပြီးတဲ့နောက် ပုဂံမှာရှိတဲ့ စီမံကိန်းကို ဆက်လက်လုပ်ဆောင်ပါမယ်၊ ဘာကြောင့်လဲဆိုတော့ ပုဂံကရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေက ပုပ္ပါးကဘူမိဗေဒအမွေအနှစ်တွေနဲ့ ဆက်စပ်မှုရှိနေပါတယ်။ ကျွန်တော်တို့ သူတို့ကို ဘူမိဗေဒပန်းခြံအဖြစ်အတူပေါင်းစည်းနိုင်မယ်ဆိုရင် ကမ္ဘာကျော်သွားမှာပါ။ လုပ်ငန်းဆိုင်ရာလုပ်ဆောင်မှုတွေကို UNESCO က ချမှတ်ထားတဲ့အတိုင်း ကျွန်တော်တို့လုပ်ဆောင်မှာပါ ”ဟု ဦးသန်းထွန်းက ပြောခဲ့သည်။

အမျိုးသားဘူမိဗေဒပန်းခြံဟုအမည်သတ်မှတ်ထားသည့်နေရာ ၅ခုတွင် ဘူမိဗေဒဆိုင်ရာအင်္ဂါရပ်များ၊ အဆောက်အဦးများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ရှေးဟောင်းဘာသာရေးဆိုင်ရာယုံကြည်မှုများနှင့် ရှေးခေတ်လူများ၏နေထိုင်မှုပုံစံများကို ပြသထားမည်ဖြစ်သည်။

https://www.mmtimes.com/news/five-areas-be-designated-national-geology-parks.html

## လက်လီ၊လက်ကားကဏ္ဍတွင် စိတ်ဝင်စားမှုများဆက်လက်မြင့်တက်နေ

Myanmar Times, 18 June 2019

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကြေငြာမှုနှစ်နှစ်ခန့်ကြာပြီးနောက် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပလက်လီလက်ကားကုမ္ပဏီ ၉ ခုကို နိုင်ငံတွင် ဆောင်ရွက်ခွင့်ပြုပေးခဲ့သည်။ ထိုရင်းနှီးမြှုပ်နှံသူများမှာ ဂျပန်၊ ထိုင်း၊ ယူအက်စ်၊ စင်ကာပူနှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ကြသည်။



ပြည်ပကုမ္ပဏီ ၉ ခုသည် လွန်ခဲ့သောနှစ်နှစ်က အစိုးရမှ လက်လီလက်ကားဈေးဖွင့်သည့် တစိတ်တဒေသအဖြစ် အာဏာပိုင်များမှ ၎င်းတို့ကို မီးစိမ်းပြခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းများကို ကန့်သတ်မှုမရှိ ခွင့်ပြုပေးခဲ့သည်။

ထိုကုမ္ပဏီများတွင် Mycare Unicharm Co ၊ Otsuka Pharmaceutical ၊ DKSH ၊ Toyota Tsusho ၊ Unilever ၊ Mega Lifesciences ၊ NTT Com Myanmar စသည်တို့သည် ယခုနောက်ဆုံးကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုမှုကို စောင့်ဆိုင်းနေသည်။

ထုတ်ကုန်များမှာ ကလေးပစ္စည်းများနှင့် အလှအစ္စည်းများမှသည် သောက်ရေများအထိပါဝင်သည်။

ထိုအတောအတွင်း ထိုင်း၊ ဂျပန်၊ ဒတ်ချ် ၊ စင်ကာပူနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွင်း ၅ပွင့်ဆိုင်ပူးတွဲရင်းနှီးမြှုပ်နှံမှုများ လက်ခံရရှိခဲ့သည်။ ၎င်းတို့မှာ Pacific Andaman (SEA) ၊ AEON Orange ၊ Asahi Loi Hein ၊ Unilever EAC Myanmar ၊ Wilmar Myanmar Edible Oils တို့ဖြစ်ကြသည်။

ကုမ္ပဏီအသစ်များသည် ပြည်တွင်းကုမ္ပဏီများနှင့်အတူ လုပ်ငန်းတွင် ဝင်ရောက်မည်ဖြစ်သည်၊ ယင်းတို့မှာ City Mart Holdings ၊ Myanmar Agribusiness Public Corporation ၊ Myanmar R F S Company ၊ NCX Myanmar တို့ဖြစ်ကြသည်။

ရင်းနှီးမြှုပ်နှံသူအများအပြားက ကျွန်တော်တို့ရုံးမှာ လက်လီလက်ကားစီးပွားရေးတွေအကြောင်း လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း ပြည်တွင်းဈေးကွက်မှာ ရင်းနှီးမြှုပ်နှံဖို့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေရဲ့ စိတ်ဝင်စားမှုနဲ့ အဆိုပြုချက်အချို့တွေ လက်ခံရရှိနေပါတယ်။ ဆက်လက်ပြီး ကော်မရှင်က ကျန်ရှိနေတဲ့ကုမ္ပဏီတွေကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကဥပဒေအောက်ကနေ ဆက်လက်ခွင့်ပြုသွားမှာပါဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသန့်စင်လွင်ကပြောခဲ့သည်။

https://www.mmtimes.com/news/interest-retail-wholesale-sector-continues-unabated.html

## အွန်လိုင်းပေါ်တွင်လူသုံးကုန်ပစ္စည်းမမှန်မကန်ရောင်းချမှုများကိုဖြေရှင်းနိုင်ရန် Digial Economy Asscociation တစ်ရပ်ကိုဖွဲ့စည်းသွားမည်

Myanmar Business Today, 19 June 2019

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့တို့ပူးပေါင်းပြီး အွန်လိုင်းပေါ် တွင်လူသုံးကုန်ပစ္စည်းမမှန်မကန်ရောင်းချမှုများကိုဖြေရှင်းနိုင်ရန် Digial Economy Asscociation တစ်ရပ်ကို ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း သိရသည်။



Online Shopping လုပ်ငန်းအရေအတွက်ကို စာရင်းပြုစုခြင်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်းများကို လုပ်ဆောင်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံညှိနှိုင်းလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အွန်လိုင်းမှ တစ်ဆင့်ဈေးအရောင်းအဝယ်လုပ်ငန်းများသည် တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သကဲ့သို့ အရေအတွက်မှာလည်း အဆမတန်များပြားနေရာမမှန်မကန်အရောင်းအဝယ်များအတွက် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများမှာလည်း ရှိလာသည်။

အွန်လိုင်းအရောင်းအဝယ်လုပ်ငန်းများသည် လက်ရှိတရားဝင်မှတ်ပုံတင်မရှိသေးသည့်အတွက် ရောင်းမှာဝယ်မှာအခြေအနေအတွက် တိုင်ကြားရာတွင်လည်း ထိထိရောက်ရောက် အရေးယူနိုင်ရန် လိုအပ်နေသေးသည်။

ယင်းလုပ်ငန်းများကိုစိစစ်ရန် E-commerce Law တစ်ရပ်ကို အစိုးရအနေဖြင့်ပြဌာန်းရန်လိုအပ်ပြီး လက်ရှိဥပဒေမူကြမ်းအဆင့်ရေးဆွဲလျက်ရှိသည်။

" ဥပဒေရှိပြီး ဥပဒေပြဌာန်းတဲ့အတိုင်း လုပ်ကိုင်တာက ပိုကောင်းတယ် ။ ဒါမှစားသုံး သူအကာအကွယ်ပေးရေးအတွက်လည်း အကျိုးရှိမှာပါ" ဟု စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် Face Book လူမှုကွန်ရက်ကိုအသုံးပြုကာ ဈေးအရောင်းအဝယ်စာမျက်နာများ ၊ အဖွဲ့အစည်းများဖြင့် လက်မှုပစ္စည်း ၊ ရှေးဟောင်းပစ္စည်း၊ အသုံးပြုပြီး ဖုန်းကွန်ပျူတာမှအစ မော်တော်ကားအထိ ဈေးကွက်တင်ရောင်းလျက်ရှိသည်။

ယင်းအတွက် ဈေးကွက်ထိုးဖောက်ရန် အလွယ်ကူဆုံး ပလတ်ဖောင်းတစ်ရပ်အဖြစ်လက်ခံလာကြသကဲ့သို့ တဖက်တွင်လည်း တရားမဝင်လမ်းကြောင်းမှ ကုန်ပစ္စည်းများကို အွန်လိုင်းတွင်ဈေးလျှော့ရောင်းချမှုကို မထိန်းချုပ်နိုင်ပါက တရားဝင်တင်သွင်းရောင်း

ချသူများအတွက် နစ်နာမှုများဖြစ်ပေါ်စေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

https://www.mmbiztoday.com/articles/digital-economy-association-license-online-shops

## တရုတ်ဈေးကွက်တွင် မြန်မာ့ငရုတ်သီး ဝယ်လိုအား မြင့်တက်နေ

Myanmar Times, 20 Jun 2019

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ၏ငရုတ်သီး ဝယ်လိုအားမြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံ၏ ငရုတ်သီး ပြည်ပတင်ပို့မှုသည် လွန်ခဲ့သောနှစ်နှစ်အတွင်း သိသိသာသာမြင့်တက်လာခဲ့သည်ဟု စားသုံးသူများရေးရာဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးအောင်မန်းက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။



"ကျွန်တော်တို့ ဘဏ္ဍာနှစ်အကုန် စက်တင်ဘာလ ၃၀ ရက်အထိ ပြည်ပတင်ပို့မှု တန်ချိန် ၃၀၀၀၀ ကနေ ၄၀၀၀၀ အထိ တိုးလာဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့ လက်ရှိဘဏ္ဍာနှစ်မှာ ၂၃၀၀၀ တန်ချိန် ကျော်ပြည်ပတင်ပို့ခဲ့ပြီး ယူအက်စ်ဒေါ်လာ ၂၁ သန်း ရှာဖွေနိုင်ခဲ့ပါတယ်၊ လွန်ခဲ့တဲ့နှစ်တွေတုန်းက တန်ချိန် အနည်းငယ်သာတင်ပို့နိုင်တာပါ " ဟု ၎င်းကပြောခဲ့သည်။

တရုတ်သို့ သီးနှံအမြောက်အများ တင်ပို့နေသောကြောင့် လက်ရှိတွင် ဒေသခံများသည် ငရုတ်သီးမှုန့်အခြောက်လှန်းသောဒေသခံများသည် ကုန်ကြမ်းပစ္စည်းများရှာရန်အခက်တွေ့နေသည်။ တရုတ်လယ်သမားများသည်လည်း မျိုးပင်များရှာဖွေခြင်းနှင့် ဈေးနှုန်းတက်ရန်အပြေးအလွှားကြိုးစားနေကြသည်။

"ငရုတ်သီးထွက်မှုတန်ချိန် ၅၀၀၀၀ ကျော်ဆိုတာ တကယ့်ကို မြင့်တက်လာတာပါပဲ။ ဒီထဲက တစ်ဝက်ကို တရုတ်ကို တင်ပို့ပါတယ်။ မြန်မာနိုင်ငံမှာ ပို့ကုန်သီးနှံ ၅၇ မျိုးရှိပြီး ငရုတ်ကတော့ ၁၈နေရာယူထားပါတယ်။ အပူပိုင်းဒေသတွေမှာ ငရုတ်ပင်တွေမှည့်လာဖို့ တစ်လကြာပါတယ်။ တစ်ဧကမှာ ၁၂၈၀၀ ကီလိုဂရမ်ကနေ ၁၆၀၀၀ ကီလိုဂရမ်အတွင်း ရရှိတဲ့လယ်သမားတွေရှိပါတယ်၊ ဒါကြောင့် ကွာလတီသာကောင်းကောင်းရမယ်ဆိုရင် သူတို့အမြတ်များများရဖို့အခွင့်အလမ်းရှိပါတယ်" ဟု ၎င်းကပြောခဲ့သည်။

ဌာန၏စာရင်းဇယားများအရ ၂၀၁၆- ၁၇ ဘဏ္ဍာနှစ်တွင် ငရုတ်တန်ချိန် ၁၃၄၈ တန်နှင့် ငရုတ်ခြောက် တန်ချိန် ၆၃၀၀ တန် ကို တရုတ်သို့တင်ပို့နိုင်ခဲ့သည်။ ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်တွင် ငရုတ်တန်ချိန် ၅၄၇၉ တန်နှင့် ငရုတ်ခြောက်တန်ချိန် ၃၀၀၀ တန်ကျော်ကို တင်ပို့နိုင်ခဲ့သည်။

ယခုနှစ်တွင် ငရုတ်တန်ချိန် ၁၄၉၃၄ တန်နှင့် ငရုတ်ခြောက်တန်ချိန် ၂၃၄၀၀ တန်ကို တရုတ်သို့တင်ပို့ခဲ့သည်။

https://www.mmtimes.com/news/chinas-chilli-pepper-demand-rising.html

# မြေနှင့်ပစ္စည်းဥစ္စာ

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ် မြေရိုင်း ဧကပေါင်း ၆၂၇၁၄၉ ဧက အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်

Myanmar Business Today, 17 June 2019

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ် မြေရိုင်း ဧကပေါင်း ၆၂၇၁၄၉ ဧက အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ကြောင်း မန္တလေး တိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့် မောင်ကMandalay International Trade Fair & Business Fourm 2019 ၂၀၁၉ အခမ်း အနားတွင် ပြောကြားခဲ့သည်။

"မန္တလေးမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ် ဆိုရင် လွယ်ကူချောမွေ့အောင် လုပ်ပေးပါ့ မယ်။ မြေလိုချင်ရင်လည်း ရှာပေးမယ်။ ဒါက မန္တလေးတိုင်းအတွက် သာမက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ဒုတိယအင်ဂျင် တစ်ခုဖြစ်အောင် ရင်းနှီးမြှုပ်နှံမှုအားလုံးကို ဖိတ်ခေါ်တာဖြစ်ပါတယ်"ဟု ဒေါက်တာဇော်မြင့် မောင်က ပြောသည်။



ထို့ပြင်မန္တလေးတိုင်း စီမံကိန်းငါးခု၌ ရင်းနှီးမြှုပ်နှံသူများ လွယ်ကူချောမွေ့စေရန် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၄င်းက ပြောသည်။

စီမံကိန်းငါးခုမှာ မန္တလေးတိုင်းရှိ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သော မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်း၊ New Star Light Group စီမံကိန်း ၊ အမရပူရမြို့ပြစီမံကိန်း၊ ရေတံခွန်တောင်မြို့ပြစီမံကိန်း ၊ New Mandalay Resort City စီမံကိန်းတို့ ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများရှိနေပြီး အဆိုပါလုပ်ငန်းများတွင်အချို့သော လုပ်ငန်းများကို တင်ဒါခေါ်ယူမှုများ ထပ်မံပြုလုပ်သွားရန် ရှိသည့် အတွက် ပြည်တွင်းလုပ်ငန်းရှင်များ အနေဖြင့် အခွင့်အလမ်းများ ရှိနေကြောင်း ဝန်ကြီးချုပ်က ထည့်ပြောသည်။

မန္တလေးတိုင်းသည် မြန်မာနိုင်ငံမှ အိမ်နီး ချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးတွင် အဓိက ဖြတ်သန်းသွားလာရသည့် ကုန်သွယ်ရေးလမ်းကြောင်း ငါးခုရှိနေသည့် တိုင်းဒေသကြီး တစ်ခုဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းပိုင်းများတွင် အာဆီယံလမ်းပိုင်းဆုံရာအပြင် အိန္ဒိယ၊ တရုတ် ၊ ထိုင်းနိုင်ငံသို့ နယ်စပ်ကို သွယ်ရေးများမှ တစ်ဆင့်ကုန်သွယ်မှုများ ပြုလုပ်ရာတွင် ဖြတ်သန်းသွားလာရသည်ဖြစ် ကြောင်း၊ မန္တလေး တိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခု ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇ ခုမှ လုပ်သား ၂၁၂၇ဦး နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၄ ခုမှ လုပ်သား ၁၆၄၈ ဦး စုစုပေါင်း လုပ်သား ၃၇၇၅ ဦးကို အလုပ်ကိုင်အခွင့်လမ်းများ ဖန်တီးပေးထားနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိဘဏ္ဍာရေးနှစ်အစမှ မေလဆန်းအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၄ ဘီလီယံဝင်ရောက်ထားပြီးကန်ဒေါ်လာ ၁ ဒသမ ၁၅ သန်း မှာ ပို့ ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၊ စက်မှု ကဏ္ဍအတွက်ကန်ဒေါ်လာ ၆၆၈သန်း ၊ အခြား ဝန်ဆောင်မှုကဏ္ဍများမှ ကန်ဒေါ်လာ ၂၇၄ သန်း အများဆုံး ရင်းနှီးမြှုပ်ထားကြောင်း သိရသည်။

https://www.mmbiztoday.com/articles/over-600000-acres-available-land-mandalay

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### နိုင်ငံတော်အတိုင်ပင်ခံနှင့် သမ္မတ ၂၀၂၀ ရွေးကောက်ပွဲ ဝင်ပြိုင်မည်

Myanmar Times, 12 June 2019

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်သည် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဦးမျိုးညွန့်က စနေနေ့၌ နေပြည်တော်တွင်ကျင်းပသည့် ပါတီအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ကျွန်တော်တို့ ၂၀၂၀ရွေးကောက်ပွဲကြီးမှာ ဝင်ရောက်ယှဉ် ပြိုင်မှာပါ၊ အကြောင်းကတော့ ကျွန်တော်တို့နိုင်ငံတော်တာဝန်ကိုဆက်လက်ထမ်းဆောင်ချင်လို့ပါ ဟု ၎င်းက ပြောခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံနှင့် သမ္မတသည် ၎င်းတို့၏မဲဆန္ဒနယ်များတွင် စည်းရုံးရေးဆင်းရန်လုပ်ပိုင်ခွင့်ရှိသော်လည်း နိုင်ငံတဝန်းတွင် စည်းရုံးရေးဆင်းချင်သည်ဆိုပါက ၎င်းတို့၏လက်ရှိရာထူးများမှ နုတ်ထွက်ပေးရန်လိုသည်။

NLD သည် ရွေးကောက်ပွဲကြီးအား လွတ်လပ်ပြီးတရားမျှတမှုရှိသည့်ရွေးကောက်ပွဲအဖြစ်ပြုလုပ်မည်ဖြစ်ပြီး အကျင့်ပျက်ခြစားမှုမရှိဘဲအနိုင်ရရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်းဦးမျိုးညွန့်ကဆိုသည်။

https://www.mmtimes.com/news/state-counsellor-and-president-will-run-2020-elections-nld-official.html

**<u>လွှတ်တော်၏ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအဖွဲ့မှ အခြေခံဥပဒေပြန်လည်သုံးသပ်ခြင်း ပြီးစီး</u>**

The Irrawaddy, 14 June 2019

ပြည်ထောင်စုလွှတ်တော်၏ အခြေခံဥပဒေပြင်ဆင်ရေးကော်မတီသည် ဖြစ်နိုင်ခြေရှိသည့်ပြင်ဆင်မှုများပြုလုပ်ရန်အတွက် အခြေခံဥပဒေတစ်ခုလုံးအား ပြန်လည်သုံးသပ်ခြင်းကို ကြာသာပတေးနေ့တွင် အပြီးသတ်ပြီးစီးခဲ့သည်။




အမျိုးသားဒီမိုကရေစီအဖွဲ့မှ အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ကော်မတီအတွင်းရေးမှူးဦးမြတ်ညဏ်စိုးကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်သည့်အမျိုးမျိုးသောပြဋ္ဌာန်းချက်များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထည့်သွင်းခြင်းနှင့် ထိန်းသိမ်းခြင်းစသည်တို့ကို လုပ်ဆောင်ရန် အစီရင်ခံစာတွင် အကြံပြုထားသည်။နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တပ်မတော်ကိုယ်စားလှယ်များစုစုပေါင်း ၄၅ မှ ပြုစုထားပြီး အဖွဲ့မှ အခန်း ၁၅ ခုကို ပြန်လည်သုံးသပ်ခဲ့သည်။ ယင်းအပြင် အခွန်ကောက်ခံခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဥပဒေရေးရာများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်အခြားခေါင်းစဉ်များလည်း ပါဝင်သည်။

ကော်မတီအတွင်းရေးမှူးမှ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသောအခါ ကော်မတီ၏အသေးစိတ်အချက်အလက်များတွေ့ရှိမှုကို လူထုအား ထုတ်ပြန်မည်ဖြစ်သည်။ ကော်မတီအစည်းအဝေး၏အသေးစိတ်အချက်အလက်များအား ထုတ်ပြန်မှုမပြုရန် တားမြစ်ထားသည်။

ပြောင်းလဲရန် အဆိုပြုလာသည်များကို တပ်မတော်မှ ဗီတိုအာဏာသုံး၍ ငြင်းပယ်နိုင်သောပုဒ်မတစ်ခုသည် ဖွဲ့စည်းပုံတွင် အငြင်းပွားဖွယ်ရာအများဆုံးထဲမှ တစ်ခုဖြစ်သည်။

"အံ့သြစရာတော့မဟုတ်ပါဘူး၊ ဥပဒေအကြောင်းအရာကျွမ်းကျင်သူတွေ မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ယနေ့ကမ္ဘာပေါ်မှာ အတင်းကြပ်ဆုံးပါပဲလို့ ကြေငြာဖူးပါတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့သည်။

https://www.irrawaddy.com/news/burma/parliaments-constitution-amendment-panel-completes-review-charter.html

## ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး

**<u>ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဆွေးနွေးရန် NCA အပစ်ရပ်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ခေါင်းဆောင်ကိုယ်စားလှယ်များ ချင်းမိုင်တွင် တွေ့ဆုံ</u>**

Network Media Group, 8 June 2019

NCA စာချုပ် အကောင်အထည်ဖော်မှု ပိုမိုအားကောင်းလာစေရန် နှင့် ငြိမ်းချမ်ရေး လုပ်ငန်းစဉ် တစ်စိုနေမှုများ ကျော်လွှာနိုင်ရန် NCA အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး ခေါင်းဆောင်ကိုယ်စားလှယ်များ ယနေ့ အစည်းအဝေး စတင်ကျင်းပနေသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် သုံးရက်ကြာ ကျင်းပမည့် အစည်းအဝေးနှင့် ပတ်သက်၍ " ဒီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုမှာ ကျနော်တို့ တစ်စို့နေတဲ့ အကြောင်းအရာတွေ ကျော်လွှားနိုင်ဖို့အတွက်ကို ဒီ စုစည်းမယ်။ အကြောင်းအရာတွေ ကျနော်တို့ စုစည်းမယ်၊ အဲ့ဒါပြီးပြီဆို NCA အကောင်ထည် ဖော် မှုပေါ့၊ NCA အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီးတော့မှ ပိုမိုခိုင်မာတဲ့ NCA အကောင်အထည် ဖော်မှုပေါ့နော်Bilateral သဘောတူညီချက်အပါအဝင် ဒီ NCA အကောင်အထည်ဖော်မှုကို ပိုမိုခိုင် မာအားကောင်းအောင် ဆောင်ရွက်သွားရေးပေါ့။"ဟု အဖွဲ့ခေါင်းဆောင်ဖြစ်သည့် မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF ဒုဥက္ကဋ္ဌ ရဲဘော်မျိုးဝင်း မှ ပြောသည်။

အစည်းအဝေး၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA အဖွဲ့၏ စတုတ္ထအကြိမ်မြောက် ပထမပိုင်း ညီလာခံ အစည်းအဝေး ဆုံးဖြတ်ချက်များထဲမှ တစ်စို့နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ အချက်တချို့ကို ဆွေးနွေးသွားရန်ရှိသည်ဟု သိရသည်။

တဆက်ထဲမှာပင် NCA အပစ်ရပ် ၁၀ ဖွဲ့၏ ကိုယ်စားလှယ် တစ်ဦးစီပါဝင်သော ယခုအလုပ်အဖွဲ့ အစည်းအဝေးတွင် ခေါင်းဆောင်ကိုယ်စားလှယ် အားလုံးသဘောတူညီနိုင်သည့် ဘုံသဘောထား များကိုလည်း စုစည်းရယူသွားမည်ဟု ရဲဘော် မျိုးဝင်းမှ ဆက်

ပြောသည်။

အစည်းအဝေးမှ ရရှိလာသည့် အချက်များအား NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST သို့ တင်ပြ၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ စတုတ္ထအကြိမ်မြောက် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး(ပထမပိုင်း) တွင် လက်ရှိတစ်ဆို့နေသည့် နိုင်ငံရေး ဆွေးနွေးမှုများကို ကျော်လွှားနိုင်ရန် အစိုးရနှင့် တွေ့ဆုံဆွေးနွေးမည့် ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး ပါဝင်နိုင်သည့် စုဖွဲ့မှုတစ်ခုကို ဖွဲ့စည်းနိုင်ရန် အလုပ်အဖွဲ့ဆိုသည့် အဖွဲ့ ၂ ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

စတုတ္ထအကြိမ်မြောက် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး(ပထမပိုင်း) ညီလာခံကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် မေလ ၁၄ ရက်မှ ၁၈ ရက်နေ့အထိ ၅ ရက်ကြာ ကျင်းပခဲ့သည်။

https://www.bnionline.net/en/news/nca-signatories-meet-chiang-mai-discuss-peace-process

**<u>အပြင်မှ အော်ဟစ်၍ ခဲဖြင့်ပေါက်နေမည့်အစား အိမ်ထဲဝင် ဆွေးနွေးရန် ဦးခင်ဇော်ဦးပြော</u>**

The Irrawaddy, 14 June 2019

ငြိမ်းချမ်းရေးလုပ်ငန်း လုပ်ဆောင်ရာတွင် အိမ်အပြင်မှ အော်ဟစ်၍ ခဲဖြင့် ပေါက်နေမည့်အစား အိမ်ထဲဝင်ပြီး ငြင်းခုံ ဆွေးနွေးမှုများ ပြုလုပ်ခြင်းက ပိုကောင်းသည်ဟု ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင် ဦးခင်ဇော်ဦး က ပြောသည်။



UPDJC အတွင်းရေးမှူး အဖွဲ့ဝင်များသည် နေးကွေး သွားသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပြန်လည် ရှေ့ဆက် နိုင်ရေး အတွက် အလွတ်သဘောတွေ့ဆုံ ဆွေးနွေး အဖြေရှာသည့် အစည်းအဝေးတရပ်ကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ဇွန် ၁၃ ရက်မှ ၁၄ ရက်ထိ ကျင်းပနေသည်။

ထိုအလွတ်သဘော အစည်းအဝေးပွဲတွင် အစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးလည်း ဖြစ် UPDJC အတွင်းရေးမှူးအဖွဲ့ဝင်လည်း ဖြစ်သည့် ဦးခင်ဇော်ဦးက အဖွင့်အမှာစကားပြောရာတွင် ထိုသို့ ထည့်သွင်းပြောသွား ခဲ့ခြင်းဖြစ်သည်။

ဦးခင်ဇော်ဦး က "အမေရိကန်သမ္မတ တဦးဖြစ်တဲ့ လန်ဒန်ဘီဂျွန်ဆင်ရဲ့စကားကို ငှားပြီးပြောရရင် အိမ်အပြင်ကနေ အော်ဟစ်ပြီး အိမ်ကိုခဲနဲ့ ပေါက်နေတာထက်စာရင် အိမ်ထဲမှာ ရှိတဲ့လူတွေအားလုံး ငြင်းခုံ စကားပြော အစည်းအဝေးတွေမှာ ဆွေးနွေးနေတာ ပိုကောင်းတယ်ဆိုတဲ့စကား တခွန်းဖြစ်ပါတယ်။ သွေဖယ်မှုတွေနဲ့ ကြုံလာရင်လည်း ပွင့်ပွင့် လင်းလင်း ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ စောစောက ကျနော် ငှားပြီးသုံးခဲ့တဲ့ စကားလို အိမ်အပြင်ကနေ အော်ဟစ် ပြီ ခဲမပေါက်ကြဘဲ အိမ်ထဲမှာ လာရောက်ပြီး ငြင်းခုံ ဆွေးနွေးနေဖို့ပဲ ဖြစ်ပါတယ်" ဟု ပြောသည်။

ဦးခင်ဇော်ဦး က "ဒီနေရာမှာ ပါဝင်ခွင့်ရတဲ့ သူတွေထဲမှာဘဲ အတွေးအခေါ်တွေ အမျိုးမျိုးပြောင်းလဲနေတာကို လည်း တွေ့ရတယ်။ ပုံစံတွေ အမျိုးမျိုးပြောင်းလဲ နေချင်တာကိုလည်း တွေ့ရပါတယ်။ ဘယ်လိုပဲ အတွေးအခေါ် တွေ ပြောင်းပြောင်း ဘယ်လိုပဲ ပုံစံတွေကို ပြောင်းချင်ပြောင်းချင် ဒါတွေဟာ တရားဝင် အစည်းအဝေးမှာ ပြော ဆို ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဒါမှလည်း ကျနော်တို့ ဆုံမှတ်တခုကို ရောက်မှာ ဖြစ်ပါတယ်။ တရားဝင် အစည်း အဝေးတွေမှာ ပြောဆိုဆွေးနွေးရေး အခွင့်အရေးတွေ ရှိနေပါလျက်နဲ့ စားပွဲပေါ်ကို တက်မလာပဲ အပြင်ကနေ ပြောဆိုနေခြင်းမျိုးဟာလည်း စေ့စပ်ညှိနှိုင်းမှုက အကျိုးမရှိသလို အနှောင့်အယှက်တောင် ဖြစ်နိုင်ပါတယ်"ဟု ပြောသည်။ဇွန် ၁၃ ရက်မှ ၁၄ ရက်ထိ ကျင်းပမည့် UPDJC အတွင်းရေးမှူးအဖွဲ့ အလွတ်သဘော အစည်းအဝေးကိုတော့ NCA ထိုးထားသည့် လက်နက်ကိုင် ( ၁၀) အနက် ၉ ဖွဲ့တက်ခဲ့ပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) ကတော့ တက်ရောက်ခြင်း မရှိပေ။

https://www.irrawaddy.com/news/burma/join-peace-process-dont-complain-outside-senior-govt-negotiator.html

## KKO (ခွဲထွက်)ဝင် ၄၅ ဦး လက်နက်များအပြီးတိုင်စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

The Global New Light of Myanmar, 23 June 2019

KKO (ခွဲထွက်)အဖွဲ့ဝင် ၄၅ ဦးသည် ဇွန်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် မိဖိုင်းကျေးရွာအုပ်စု တုတ်ကြီးကျေးရွာမှ စောညမင်းသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ကမမောင်းမြို့ ဖားပေါင်ရွာ၏ အနောက်မြောက်ဘက် မိဖိုင်းတောင်ပေါ်သို့ ဒညင်းသီးရူးရန် သွားရောက်စဉ် KKO(ခွဲထွက်)အဖွဲ့မှ ထောင်ထားသော ဒေသန္တရလုပ် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သောကြောင့် တပ်မတော်စစ်ကြောင်းများက တောင်အနီးဝန်းကျင်တစ်ဝိုက်အာလ မိုင်းရှင်းလင်းမှုများစတင်ဆောင်ရွက်ခဲ့ရာ KKO (ခွဲထွက်)အဖွဲ့များနှင့် ထိတွေ့မှုတစ်ကြိမ်နှင့် မိုင်းဖြစ်စဉ်နှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်းသိရသည်။



တပ်မတော်စစ်ကြောင်းများက မိဖိုင်းတောင်အား ရှင်းလင်းမှုများပြုလုပ်နေစဉ် ဇွန်လ ၂၁ ရက်နေ့ ညနေပိုင်းတွင် မိဖိုင်းတောင်ဆရာတော်ဘဒ္ဒန္တစန္ဒာဝရမှတဆင့် KKO (ခွဲထွက်)အဖွဲ့မှ မောင်မြင့်ခေါင်းဆောင်သော အင်အား ၄၅ ဦးခန့်သည် ကိုင်ဆောင်လာသည့် လက်နက်၊ခဲယမ်းများအား နိုင်ငံတော်သို့ အပြီးတိုင်အပ်နှံလိုကြောင်း ဆက်သွယ်လာခဲ့ပြီး ဇွန်လ ၂၂ ရက်နေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျှက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

http://www.globalnewlightofmyanmar.com/45-members-of-kko-breakaway-return-to-legal-fold-in-hpa-an/

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.